
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
စာစဉ်-၂

# အခန်း (၁၃)

## အိုင်ဖေး

*

ဆေးနတ်ဘုရားဂိုဏ်း တစ်ခုလုံးသည် စိမ်းစိုသော သစ်ပင်ဝါးပင်တို့ဖြင့် ဝန်းရံလျက် ရှိပေရာ အေးမြကြည်လင်သော အငွေ့အသက်ကို ပေးစွမ်းနေလေသည်။

ထို့ပြင် တောင်ကုန်းတစ်ခွင်၌ ဝိညာဉ်စွမ်းအင်များ ကြွယ်ဝလှသဖြင့် ကျင့်ကြံခြင်း ပြုရန်အတွက် အလွန်ပင် သင့်မြတ်လှသော နေရာထူးတစ်ခု ဖြစ်ချေသည်။

တောင်ထိပ်ရှိ အဆောက်အအုံတို့သည်လည်း

ဖြူလွလွ မြူနှင်းများကြား၌ ဖုံးလွှမ်းလျက်ရှိရာ နတ်ဘုံနတ်နန်းသဖွယ် ထင်မှတ်ရပေသည်။

ကျောက်သားလှေကားထစ် ကျယ်ကြီးတစ်ခုသည် တောင်ထိပ်သို့ တိုက်ရိုက် ဦးတည်နေပြီး လှေကား၏ ဝဲယာတစ်ဖက်တစ်ချက်တွင် အဆောက်အအုံများစွာ ရှိနေလေသည်။

ထိုအထဲမှ အနိမ့်ဆုံးနေရာရှိ အဆောက်အအုံများမှာ နာမည်ခံတပည့် များ နေထိုင်ရာ အရပ်ပင် ဖြစ်၏။

"ငါ ဒီကိုလာတာ ဆေးဖော်စပ်ခြင်း ဆိုင်ရာ ကျမ်းစာတစ်စောင် ရှာဖို့ပဲ၊ အဲဒါရပြီဆိုရင်တော့ နန်ဂူးမြို့ ကိုသွားပြီး ပိုက်ဆံရှာဖို့ နည်းလမ်း တစ်ခုခု ကြံစည်ရမယ်" ဟု ဇာတ်လိုက်မင်းသား ချင်ယွမ်ဖုန်း က မိမိဘာသာ တွေးတောနေမိသည်။

ဆေးနတ်ဘုရားဂိုဏ်းတွင် ကျင့်စဉ်များနှင့်

လျှို့ဝှက်ကျမ်းစာများစွာ ရှိနေပြီး ယင်းတို့ကို စာကြည့်တိုက်အတွင်း၌ သိမ်းဆည်းထားလေ့ ရှိ၏။

"ဟိုမှာကြည့်စမ်း... အဲဒါ အသုံးမကျတဲ့ကောင် မဟုတ်လား"

"ဟုတ်တယ်၊ သူ မြေနက်မြေ ကို အပို့ခံရတယ် လို့ ကြားတယ်၊ ဘယ်လိုလုပ်ပြီး ပြန်လာရဲတာ လဲ"

"တကယ်ကို အရှက်မရှိတဲ့ကောင်ပဲ၊ သူ တစ်ယောက်တည်းနဲ့ ချင်မိသားစု ရဲ့ သိက္ခာကို အတော်လေး ညှိုးနွမ်းစေခဲ့တာ..."

တစ်လမ်းလုံးတွင် ချင်ယွမ်ဖုန်းသည် ထိုသို့သော ကဲ့ရဲ့ရှုတ်ချသံများကို ကြားနေရသော်လည်း ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း အလျဉ်းမရှိဘဲ တည်ငြိမ်လျက်သာ ရှိနေချေသည်။

အတိတ်က ချင်ယွမ်ဖုန်းသည် မရှိတော့ဘဲ ယခုလက်ရှိ ချင်ယွမ်ဖုန်းမှာ သူတို့ ရန်စ၍ မရနိုင်သောသူ ဖြစ်နေပြီဟူသည်ကို သူကိုယ်တိုင်သာ သိပေသည်။

ချင်ယွမ်ဖုန်းကို မှတ်မိနေသူများမှာ များသောအားဖြင့် အသစ်ဝင်လာသော တပည့်များသာ ဖြစ်ကြပြီး ဝါရင့်တပည့်ကြီးအများစုမှမူ သူသည် မည်သူဖြစ်ကြောင်း မသိကြပေ။

"ဒီစီနီယာအကိုကို ကြည့်ရတာ တစ်ခါမှ မမြင်ဖူးသလိုပဲ" ထိုစဉ် ချင်ယွမ်ဖုန်း၏ နောက်ကွယ်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

ချင်ယွမ်ဖုန်းသည် မျက်မှောင်ကြုတ်ကာ လှည့်ကြည့်လိုက်ရာ စကားပြောနေသူမှာ အရပ်ပုပုနှင့် ချစ်စဖွယ်ကောင်းသော ကောင်လေးတစ်ဦး ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထိုအချိန်တွင် ချင်ယွမ်ဖုန်းသည် နာမည်ခံ

တပည့်များ နေထိုင်ရာ နေရာကို ကျော်လွန်လာခဲ့ပြီ ဖြစ်ရာ သူ့ကို မမှတ်မိသောသူများနှင့် ဆုံတွေ့ရခြင်းမှာ ထူးဆန်းသောအရာ မဟုတ်ပေ။

"ငါက ချင်ယွမ်ဖုန်းပါ" ဟု သူက တည်ငြိမ်စွာပင် ပြန်လည်ဖြေကြားလိုက်သည်။

"ချင်ယွမ်ဖုန်း... ဟို အသုံးမကျတဲ့..."

ကောင်လေးသည် စကားအဆုံးထိ မပြောရသေးခင်မှာပင် မိမိအမှားကို သိရှိသွားပြီး ပါးစပ်ကို အမြန်ပိတ်လိုက်သည်။ "စီနီယာအကိုကျွန်တော် အဲဒီလို ပြောချင်တာ မဟုတ်ပါဘူး"

ချင်ယွမ်ဖုန်းက ပြုံးလျက် "ရပါတယ်၊ ငါ နေသားကျနေပါပြီ" ဟု ဆိုသည်။

ထိုအခါမှ ကောင်လေးသည် ချင်ယွမ်ဖုန်းကို အကဲခတ်ကြည့်ရှုပြီး ခေါင်းတယမ်းယမ်း လုပ်နေလေသည်။

"စီနီယာအကိုကို အသုံးမကျဘူးလို့ ပြောတဲ့လူ

တွေဟာ မျက်စိမမြင်တဲ့သူတွေပဲ ဖြစ်ရမယ်၊ စီနီယာအကိုက ကြည့်ရတာ ထူးချွန်တဲ့သူတစ်ယောက်ပဲ၊ နောင်တစ်ချိန်မှာ အောင်မြင်မှုတွေ အကြီးအကျယ် ရဦးမှာ သေချာတယ်၊ အသုံးမကျတဲ့သူနဲ့ လုံးဝကို မသက်ဆိုင်ပါဘူး" ဟု ကောင်လေးက ပြုံးကာ ပြောဆိုလေသည်။

"တင်း အိုင်ဖေးထံမှ ယုံကြည်မှုတန်ဖိုး ၁၀၀ ရရှိပါသည်"

ချင်ယွမ်ဖုန်းသည် မျက်မှောင်ကြုတ်လျက် ထိုကောင်လေးကို စူးစမ်းစွာ ကြည့်လိုက်သည်။

"စီနီယာအကို၊ ကျေးဇူးပြုပြီး အထင်မလွဲပါနဲ့၊ ကျွန်တော်က မိသားစုဆီကနေ လူကဲခတ်အတတ် နည်းနည်း သင်ထားလို့ပါ၊ စီနီယာအကိုရဲ့ အရှိန်အဝါ က ကျွန်တော် ခုနကပြောတဲ့ အတိုင်း ဖြစ်နေလို့ပါ" ဟု ကောင်လေးက အလျင်အမြန် ရှင်းပြသည်။

ချင်ယွမ်ဖုန်းက ရယ်မောကာ "ဒါ တကယ် စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ ငါက အသုံးမကျတဲ့ သူဆိုတာ သိသိကြီးနဲ့တောင် ဒီလို ပြောရဲသေးတယ်၊ သူများတွေ အတင်းပြောတာ မကြောက်ဘူးလား" ဟု မေးလိုက်သည်။

"သူတို့ ပြောချင်တာ ပြောပါစေ၊ ကျွန်တော်ကတော့ ကျွန်တော့်လမ်းကိုပဲ လျှောက်မှာပဲ၊ သူများစကားနောက်မှာ ဘာလို့ လိုက်နေရမှာလဲ" ဟု ကောင်လေးက ခေါင်းယမ်းကာ ပြန်ပြောသည်။

"ကောင်းပြီ၊ ပြောပုံဆိုပုံကို သဘောကျလို့ မင်းနဲ့ မိတ်ဆွေဖွဲ့ချင်တယ်၊ ဂျူနီယာ ရဲ့ နာမည်က ဘယ်သူလဲ" ဟု ချင်ယွမ်ဖုန်းက ပြုံးကာ မေးလိုက်သည်။

"ကျွန်တော့်မျိုးရိုးက 'အိုင်' ပါ၊ နာမည်ကတော့ 'ဖေး' လို့ ခေါ်ပါတယ်"

အိုင်ဖေး ဟူသော နာမည်ကို ကြားလိုက်ရသဖြင့် သူပြောသမျှသည် အမှန်တရားဖြစ်ကြောင်း ချင်ယွမ်ဖုန်း သိလိုက်ရသည်။

ဤကောင်လေးသည် ချင်ယွမ်ဖုန်း၏ ထူးခြားမှုကို အမှန်တကယ် မြင်နိုင်စွမ်းရှိပုံရပေသည်၊ သို့မဟုတ်ပါက ယုံကြည်မှုတန်ဖိုး ၁၀၀ ပေးလာစရာ အကြောင်းမရှိပေ။

"ဂျူနီယာ အိုင်ဖေး၊ မင်းကို ငါ မှတ်ထားလိုက်မယ်" ဟု ချင်ယွမ်ဖုန်းက ဆိုသည်။

အိုင်ဖေးသည် ယခုအခါ ချင်ယွမ်ဖုန်းကို အလွန်စိတ်ဝင်စားသွားပြီး "စီနီယာအကိုကို မြေနက်မြေကို အပို့ခံရတယ်လို့ ကြားတယ်၊ အဲဒီနေရာက လူနေလို့ မရသလောက်ပဲ၊ အခု ပြန်လာပြီးတော့ ဘာလုပ်ဖို့ စိတ်ကူးထားလဲ" ဟု မေးသည်။

ချင်ယွမ်ဖုန်းက ပြုံး၍ ခေါင်းယမ်းလိုက်ကာ

"ဆေးဖော်စပ်ခြင်း နဲ့ ပတ်သက်တဲ့ စာအုပ်တွေ လာရှာတာပါ" ဟု ဆိုသည်။

"ဆေးဖော်စပ်ခြင်း ဟုတ်လား၊ စီနီယာအကိုက ဆေးဖော်နည်း သင်ချင်လို့လား၊ ဂိုဏ်းကထုတ်တဲ့ 'ဆေးဖော်စပ်ခြင်း ကျမ်းစာ' ရှိသားပဲ" ဟု အိုင်ဖေးက သိချင်စိတ်ဖြင့် မေးမြန်းသည်။

ချင်ယွမ်ဖုန်းက အနည်းငယ် ရှက်ကိုးရှက်ကန်း ဟန်ဖြင့် "တကယ်တော့ အဲဒီ 'ဆေးဖော်စပ်ခြင်း ကျမ်းစာ' က အမှိုက်လိုပါပဲ" ဟု ပြောချလိုက်သည်။

အိုင်ဖေးမှာ အံ့အားသင့်သွားသော်လည်း မကြာမီပင် ရယ်မောလိုက်တော့သည်။

"စီနီယာအကိုကတော့ တကယ်ကို ရယ်ရတာပဲ၊ လူစွမ်းကောင်းတစ်ယောက်ပဲ၊ ဆေးနတ်ဘုရားဂိုဏ်းရဲ့ တပည့်ဖြစ်နေပြီးတော့ ဂိုဏ်းရဲ့ ဆေးဖော်နည်းကို အမှိုက်လို့ ပြောရဲတယ်..."

ချင်ယွမ်ဖုန်းက သက်ပြင်းချကာ "ငါက အမှန်အတိုင်း ပြောတာပါ" ဟု ဆိုသည်။

အိုင်ဖေးက ချင်ယွမ်ဖုန်း၏ ပုခုံးကို ပုတ်ကာ "အမှန်အတိုင်း ပြောရရင် ကျွန်တော်လည်း အဲဒီလိုပဲ ထင်တယ်" ဟု ဆိုလေသည်။

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ပြုံး၍ ကြည့်လိုက်ကြရာ နှစ်ပေါင်းများစွာ ခင်မင်လာသော သူငယ်ချင်းဟောင်းများကဲ့သို့ပင် ဖြစ်နေတော့သည်။ ယင်းကိုပင် စိတ်တူကိုယ်တူ ရှိခြင်း ဟု ခေါ်တန်ရာသည်။

"ဒါဆို စီနီယာအကိုက ဒီတစ်ခေါက် လာတာက ပိုပြီး အဆင့်မြင့်တဲ့ ဆေးဖော်နည်းပညာကို ရှာဖို့ပေါ့" ဟု အိုင်ဖေးက ချက်ချင်းပင် ရိပ်မိသွားသည်။

"မမှားဘူး၊ ဂျူနီယာက တကယ်ကို ဉာဏ်ကောင်းတာပဲ" ချင်ယွမ်ဖုန်းက ရယ်မော

လျက် ချီးကျူးလိုက်သည်။

"မဟုတ်ပါဘူး" ဟု အိုင်ဖေးက ရှက်ကိုးရှက်ကန်း ပြန်ပြောသည်။ "စီနီယာအကို လမ်းသိရဲ့လား၊ ကျွန်တော် လမ်းပြပေးရမလား"

"အတော်ပဲ၊ အမှန်အတိုင်း ပြောရရင် စာကြည့်တိုက်က ဘယ်မှာလဲဆိုတာ ငါ မသိဘူး" ဟု ချင်ယွမ်ဖုန်းက ဆိုသည်။

အိုင်ဖေးက ခေါင်းငြိမ့်ပြပြီး ချင်ယွမ်ဖုန်းကို စာကြည့်တိုက်သို့ ခေါ်ဆောင်သွားလေသည်။

ထိုအချိန်တွင် အတွင်းစည်းတပည့် များနေထိုင်ရာ နေရာ၌ ဟဲချိုင်ကျွင်းသည် ချောင်ချန်းအန်း ဆီသို့ အပြေးအလွှား ရောက်ရှိလာပြန်သည်။

"ဘာ... သူ ဒီကို ရောက်နေတယ် ဟုတ်လား၊ နတ်ပြည်လမ်းကို မလျှောက်ဘဲ ငရဲလမ်းကို ရွေးလိုက်တာပဲ၊ ငါ သူ့ကို စည်းကမ်းဆိုတာ ဘာ

လဲဆိုတာ သိအောင် သင်ခန်းစာ ပေးရမယ်" ဟု ချောင်ချန်းအန်းက မဲ့ပြုံးပြုံးကာ ဆိုလိုက်သည်။

ချင်ယွမ်ဖုန်းနှင့် အိုင်ဖေးတို့သည် စာကြည့်တိုက်သို့ ရောက်ရှိလာသော်လည်း စောင့်ကြပ်နေသော ဆေးနတ်ဘုရားဂိုဏ်း တပည့်နှစ်ဦးက သူတို့ကို တားဆီးလိုက်လေသည်။

"စာကြည့်တိုက်ထဲ ဝင်ချင်ရင် ရမှတ် ငါးမှတ်၊ စာအုပ်ငှားချင်ရင် ဆယ်မှတ် ပေးရမယ်" ဟု တပည့်တစ်ဦးက အမူအရာမရှိဘဲ ပြောသည်။

ချင်ယွမ်ဖုန်း၏ မျက်လုံးများ ပြူးသွားကာ "ဘာ... ရမှတ်တွေ ဟုတ်လား" ဟု ရေရွတ်မိသည်။

"မင်းက ရမှတ်ဆိုတာ ဘာလဲတောင် မသိဘူးလား" ဟု တပည့်တစ်ဦးက မထေမဲ့မြင် ပြုသော မျက်နှာဖြင့် ကဲ့ရဲ့သည်။

"ရမှတ်မရှိရင် လာပြီး ပြဿနာမရှာနဲ့၊ သွားစမ်း"

"ဒါက ဘယ်လို အမူအရာလဲ၊ ကောင်းကောင်းမွန်မွန် မပြောတတ်ဘူးလား" ဟု အိုင်ဖေးက မခံမရပ်နိုင်ဖြစ်ကာ ပြန်လည် တုံ့ပြန်လိုက်သည်။

အပြင်စည်းတပည့် တစ်ဦး ဖြစ်ဟန်တူသော ထိုသူသည် အိုင်ဖေးနှင့် ချင်ယွမ်ဖုန်းကို ဒေါသတကြီး စိုက်ကြည့်ကာ "ထွက်သွားစမ်း၊ အခုမှရောက်လာတဲ့သူမို့လို့ ဘာမှမသိဘူးလို့ မထင်နဲ့၊ မသွားရင် ငါ မင်းတို့ကို ရိုက်နှက်ပစ်မယ်" ဟု ခြိမ်းခြောက်လေသည်။

ထိုစကားကို ကြားသောအခါ အိုင်ဖေးမှာ ပို၍ဒေါသထွက်သွားပြီး ရှေ့သို့ ပြေးတက်ရန် ပြင်လိုက်သည်။

သို့သော် ထိုခဏတွင် ချင်ယွမ်ဖုန်းက အိုင်ဖေးကို လှမ်းဖမ်းလိုက်ပြီး သူ့နောက်သို့ ဆွဲပို့လိုက်

သည်။

"စီနီယာအကိုတို့၊ ကျွန်တော်တို့က အခုမှစတဲ့ သူတွေမို့လို့ ရမှတ်စည်းကမ်းတွေကို မသိတာ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒါက စီနီယာအကို့တို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဖို့ အကြောင်းပြချက် မ ဖြစ်နိုင်ပါဘူး" ဟု ချင်ယွမ်ဖုန်းက မထုံတေး တေးပင် ပြန်ပြောလိုက်သည်။

"အို... ဒါ ဒီနှစ်မှ အသစ်ဝင်လာတဲ့ အသုံးမကျ တဲ့ကောင် မဟုတ်လား" ထိုစဉ် စာကြည့်တိုက် ထဲမှ နာမည်ခံတပည့် တစ်ဦး ထွက်လာပြီး ချင် ယွမ်ဖုန်းကို မြင်သောအခါ လှောင်ပြောင်သော အကြည့်ဖြင့် ပြောလိုက်သည်။

"အသုံးမကျတဲ့ကောင် သူက ချင်ယွမ်ဖုန်းလား" အပြင်စည်းတပည့် နှစ်ဦးစလုံး အံ့အားသင့်စွာ ကြည့်လိုက်ကြသည်။

"ဟုတ်တယ် စီနီယာအကိုတို့၊ သူက

နာမည်ကြီး အသုံးမကျတဲ့ကောင် ချင်ယွမ်ဖုန်းပါပဲ" ဟု ထိုတပည့်က ဆက်လက် ရယ်မောနေလေသည်။

ချင်ယွမ်ဖုန်း၏ နဖူးပေါ်မှ အကြောများမှာ အနည်းငယ် တုန်ယင်လာပြီး သူသည် ဒေါသပေါက်ကွဲလုနီးပါး ဖြစ်နေချေပြီ။

***